## တွက်ချက်ပုံနှင့် ပေးသွင်းရမည့် ငွေကြေးအမျိုးအစား

| | | |
|---|---|---|
| ပေးချေရန်ငွေစုစုပေါင်း | = | A |
| (နုတ်) ကျသင့်ကုန်သွယ်လုပ်ငန်းခွန် ( ၅/ ၁၀၅) | = | B |
| နုတ်ယူရမည့် WHT | = | (A –B) x ရာခိုင်နှုန်း |

ပြည်တွင်းနေနိုင်ငံသား သို့မဟုတ် ပြည်တွင်းနေနိုင်ငံခြားသားသို့ ပေးချေငွေသည် နိုင်ငံခြားငွေဖြစ်ပါကကျပ်ငွေဖြင့်လည်းကောင်း၊ ပြည်ပနေနိုင်ငံခြားသား သို့ ပေးချေငွေသည် နိုင်ငံခြားငွေဖြစ်ပါက ရရှိသည့် ငွေကြေးအမျိုးအစားဖြင့် လည်းကောင်း နုတ်ယူပေးသွင်းရမည် ဖြစ်ပါသည်။

## ခုနှိမ်ခွင့်

ပင်ရင်းမှနုတ်ယူပေးသွင်းသည့်အခွန် ( WHT ) နုတ်ယူခြင်းခံရသူသည် –

- ❖ နုတ်ယူခြင်းခံရသူများအနေဖြင့် အပြီးသတ်စည်းကြပ်မှုတွင် ကျသင့်အခွန်မှ ခုနှိမ်ခွင့်တောင်းခံသည့်အခါ မိမိတို့ ကုမ္ပဏီအမည်ဖြင့် ပေးသွင်းထားသည့် ချလန်များနှင့် ပင်ရင်းမှနုတ်ယူပေးသွင်းပြီးကြောင်း အထောက်အထားလက်မှတ် တင်ပြပေးရပါမည်၊
- ❖ ပြည်တွင်းနေနိုင်ငံသား သို့မဟုတ် ပြည်တွင်းနေနိုင်ငံခြားသားဖြစ်ပါက နုတ်ယူပေးသွင်းငွေများကို စည်းကြပ်မှုအရ ကျသင့်အခွန်မှခုနှိမ်ပေးပါမည်၊
- ❖ ပြည်ပနေနိုင်ငံခြားသားဖြစ်ပါက နုတ်ယူပေးသွင်းသည့် အခွန်ငွေကို အပြီးသတ် စည်းကြပ်မှုအရ ပေးသွင်းသည်ဟု မှတ်ယူမည်ဖြစ်ပါသည်။ သို့ရာတွင် ပြည်ပနေနိုင်ငံခြားသား၏ ရုံးခွဲအဖြစ် ပြည်တွင်း၌ ဆောင်ရွက်ခဲ့သည့် လုပ်ငန်းအပေါ် ဝင်ငွေခွန်ဥပဒေနှင့်အညီ စည်းကြပ်ခြင်းကို ခံယူပါက နုတ်ယူပေးသွင်းခဲ့သည့်အခွန်ကို စည်းကြပ်မှုအရ ကျသင့်အခွန်မှ ခုနှိမ်ပေးပါမည်။

## ပျက်ကွက်မှုအတွက် ပြစ်ဒဏ်များ

- ❖ အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေပုဒ်မ (၇၄)(ဂ) နှင့် (၇၄)(ဃ) တို့အရ ပင်ရင်းမှနုတ်ယူပေးသွင်းသည့်အခွန်ကို နုတ်ယူပေးသွင်းရန် သတ်မှတ်ခံထားရသူတစ်ဦးဦးသည် လုံလောက်သော အကြောင်းမရှိဘဲ အခွန်ကို နုတ်ယူပေးသွင်းခြင်းမပြုလျှင် ပျက်ကွက်သူအဖြစ် မှတ်ယူခြင်းခံရမည်ဖြစ်ပြီး နုတ်ယူခြင်းမပြုခဲ့သည့်အခွန်အား ပေးဆောင်ရန်တာဝန်ရှိစေမည်ဖြစ်ပါသည်။ ထို့အပြင် သတ်မှတ်ထားသည့်ရက်အတွင်း ပေးဆောင်ရန်ပျက်ကွက်ပါက ထိုသို့ပေးဆောင်ရန်ပျက်ကွက်သော ပမာဏ၏ ၁၀ရာခိုင်နှုန်းကို နောက်ကျပေးဆောင်ခြင်းအတွက် ဒဏ်ကြေးငွေ ပေးဆောင်ရမည်ဖြစ်ပါသည်။

## အကျိုးကျေးဇူးများ

- ❖ ပေးချေငွေအမျိုးအစားတစ်ရပ်အတွက် ငွေထုတ်ပေးချိန်တွင် ပင်ရင်းမှနုတ်ယူပေးသွင်းငွေကို ဖြတ်တောက်၍ ပြည်တွင်းအခွန်များဦးစီးဌာနသို့ ပေးသွင်းခြင်းဖြင့် အခွန်တိမ်းရှောင်မှုများကို လျော့ကျစေခြင်း၊ နိုင်ငံတော်မှ ရသင့်ရထိုက်သည့်အခွန်များကို အချိန်နှင့်တစ်ပြေးညီ ရရှိနိုင်ခြင်းစသည့် နိုင်ငံတော်အတွက် အကျိုးကျေးဇူးများ ဖြစ်ပေါ်စေပါသည်၊
- ❖ အခွန်ထမ်းဆောင်ရသူများအနေဖြင့်လည်း ဝင်ငွေရရှိချိန်တွင် အခွန်ကို တစ်ပါတည်းပေးဆောင်ပြီးဖြစ်၍ အပြီးသတ်စည်းကြပ်မှု ခံယူသည့်အခါ ကျသင့်အခွန်ကို တစ်လုံးတစ်ခဲတည်း ပေးဆောင်ရန်မလိုဘဲ လိုအပ်မှသာ ထပ်မံပေးဆောင်ရမည်ဖြစ်သောကြောင့် ဝန်ထုပ်ဝန်ပိုးမဖြစ်စေသည့် အကျိုးကျေးဇူးများရရှိနိုင်ပါသည်။ လုပ်ငန်းမှဆုံးရှုံးငွေပေါ်ပေါက်ပါကပြန်အမ်းငွေရရှိနိုင်ပါသည်။ ထို့အတွက် နိုင်ငံတကာတွင်လည်း ငွေထုတ်ပေးချိန်တွင် ပင်ရင်းမှနုတ်ယူပေးသွင်းငွေကို ဖြတ်တောက်ပေးဆောင်လျက်ရှိပါသည်။

## ကျေးဇူးတင်လွှာ




ရသင့်ရထိုက်သော အခွန်များကို ဥပဒေနှင့်အညီ ပင်ရင်းမှနုတ်ယူပေးသွင်းကြပါသော အဖွဲ့အစည်းအသီးသီးနှင့် အခွန်ထမ်းများအား အထူးကျေးဇူးတင်ရှိပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**

အသေးစိတ်သိရှိလိုပါက အခွန်ထမ်းဝန်ဆောင်မှုဗဟိုအဖွဲ့၊ အမှတ် ၁၂၈/ ၁၃၂ (ဒုတိယထပ်နှင့် တတိယထပ်)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ဖုန်းနံပါတ် ၀၁–၈–၃၈၉၃၁၁၊ ၀၁–၈–၃၈၉ ၃၂၂၊ ၀၁–၈–၃၇၈၃၇၀ သို့မဟုတ် အခွန်ဆိုင်ရာ ဝန်ဆောင်မှုရုံး (မန္တလေး) ၆၅ လမ်း၊ ၂၂ x ၂၃ လမ်းကြား၊ ဖုန်းနံပါတ် ၀၂– ၄၀၃၀၁၉၂ ၊ သို့မဟုတ် ပြန်ကြားရေးအဖွဲ့ (နေပြည်တော်)၊ ရုံးအမှတ် (၄၆)၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ ဖုန်းနံပါတ် ၀၆၇ – ၃၄၃၀၅၂၂၊ ၀၆၇– ၃၄၃၀၅၃၃ သို့ မေးမြန်းစုံစမ်းနိုင်ပါသည်။ ပြည်တွင်းအခွန်များဦးစီးဌာန၏ Website ဖြစ်သော www.ird.gov.mm သို့ ဝင်ရောက် ကြည့်ရှုလေ့လာနိုင်ပြီး လိုအပ်သည့် ဥပဒေ၊ နည်းဥပဒေများကို download ရယူနိုင်ပါသည်။



# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
# ပြည်တွင်းအခွန်များဦးစီးဌာန

## “ပင်ရင်းမှနုတ်ယူပေးသွင်းသည့်အခွန် ( Withholding tax – WHT ) အကြောင်း သိကောင်းစရာများ”




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ် )ပုဒ်မ ၃၈၉ အရ
နိုင်ငံသားတိုင်းသည် ဥပဒေအရ ပေးဆောင်ရမည့် အခွန်အကောက်များကို
ပေးဆောင်ရန်တာဝန်ရှိသည်။

**Internal Revenue Department**
**Office Building No.(46), Nay Pyi Taw**
**http://www.ird.gov.mm**

**“Tax by the Law, Service by our Heart ”**

## ပင်ရင်းမှ နုတ်ယူပေးသွင်းသည့်အခွန် ( Withholding Tax –WHT )

- ❖ ပင်ရင်းမှ နုတ်ယူပေးသွင်းသည့်အခွန် (WHT) ဆိုသည်မှာ ငွေထုတ်ပေးရန် တာဝန်ရှိသူက ငွေထုတ်ပေးချိန်၌ ကျသင့်အခွန်ကို သတ်မှတ်ထားသည့် နှုန်းဖြင့် နုတ်ယူ၍ သက်ဆိုင်ရာအခွန်ရုံးသို့ လွှဲပြောင်းပေးသွင်းသည့် ဝင်ငွေခွန် ဖြစ်ပါသည်၊
- ❖ ပင်ရင်းမှနုတ်ယူပေးသွင်းသည့်အခွန် (WHT) သည် ကြိုတင်ဝင်ငွေခွန်သာ ဖြစ်ပြီး သီးခြားအခွန်အမျိုးအစားတစ်ရပ်မဟုတ်ဘဲ ဝင်ငွေခွန်၏ အစိတ်အပိုင်းတစ်ခုသာ ဖြစ်ပါသည်၊
- ❖ နိုင်ငံတော်မှ ရသင့်ရထိုက်သည့်အခွန်များ လွတ်ကင်းမှုမရှိစေဘဲ အချိန်နှင့်တစ်ပြေးညီ အပြည့်အဝ ကောက်ခံရရှိရေးအတွက် ပေးချေငွေ တစ်ရပ်ပေါ်ပေါက်တိုင်း ငွေထုတ်ပေးရန်တာဝန်ရှိသူက ပေးချေငွေအပေါ် ဥပဒေနှင့်အညီ နုတ်ယူပေးသွင်းခြင်းသာ ဖြစ်ပါသည်။




## နုတ်ယူပေးသွင်းရမည့် ပေးချေငွေအမျိုးအစားနှင့် ရာခိုင်နှုန်း

- ❖ လစာခေါင်းစဉ်နှင့်အကျုံးဝင်သော ငွေတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ ငွေထုတ်ပေးရန်တာဝန်ရှိသူက ငွေထုတ်ပေးချိန်၌ ထုတ်ပေးငွေမှ ကျသင့်သည့် အခွန်ကို ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေပါ အခွန်နှုန်းဖြင့် တွက်ချက်နုတ်ယူပေးသွင်းရပါမည်၊
- ❖ လစာခေါင်းစဉ်မှအပ ဇယားပါ ပေးချေငွေအမျိုးအစားများနှင့် ပေးချေရမည့်သူအပေါ် မူတည်၍ သတ်မှတ်ရာခိုင်နှုန်းများဖြင့် တွက်ချက်နုတ်ယူပေးသွင်းရပါမည်။ သို့ရာတွင် –
  - ➢ မြန်မာနိုင်ငံနှင့် အခွန်နှစ်ထပ်မကျသင့်စေရေးစာချုပ် (Avoidance of Double Taxation Agreement) ချုပ်ဆိုထားသည့် နိုင်ငံတစ်ခုခု၏ ပြည်တွင်းနေ(Resident) ဖြစ်ကြောင်း ဆိုင်ရာနိုင်ငံ ပြည်တွင်းအခွန်ဌာန၏ သက်သေခံလက်မှတ် (Certificate of Resident) တင်ပြလာလျှင် သဘောတူစာချုပ်ပါ သတ်မှတ်ရာခိုင်နှုန်းအတိုင်း နုတ်ယူပေးသွင်းရပါမည်၊
  - ➢ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေဖြင့်ဆောင်ရွက်သည့် လုပ်ငန်းများအတွက် ပေးချေမှုများဖြစ်ပါက နုတ်ယူပေးသွင်းရန်မလို။

| အမှတ်စဉ် | ပေးချေငွေအမျိုးအစား | ပြည်တွင်းနေနိုင်ငံသားနှင့် ပြည်တွင်းနေနိုင်ငံခြားသားများအတွက် နုတ်ယူရန် ရာခိုင်နှုန်း | ပြည်ပနေနိုင်ငံခြားသားအတွက် နုတ်ယူရန် ရာခိုင်နှုန်း |
|---|---|---|---|
| (က) | အတိုးပေးငွေများ | – | ၁၅% |
| ( ခ ) | လိုင်စင်၊ ကုန်အမှတ်တံဆိပ်၊ မူပိုင် အခွင့်အရေးစသည်တို့ကို အသုံးချခွင့်ပြုသည့် အတွက် ပေးချေငွေများ | ၁၀% | ၁၅% |
| ( ဂ ) | ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ နေပြည်တော်ကောင်စီ၊တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့များ၊ နိုင်ငံပိုင်လုပ်ငန်းများ၊ စည်ပင်သာယာရေးအဖွဲ့များက တင်ဒါစနစ် သို့မဟုတ် လေလံစနစ် သို့မဟုတ် ဈေးပြိုင်ခေါ်ယူသည့်စနစ် သို့မဟုတ် အခြားစနစ် တစ်ခုခုဖြင့် နိုင်ငံတော်အတွင်း ပစ္စည်းဝယ်ယူခြင်း၊ လုပ်ငန်းဆောင်ရွက်ပေးစေခြင်း၊ ဝန်ဆောင်မှုဆောင်ရွက်ပေးစေခြင်း တို့အတွက် ပေးချေငွေများ | ၂% | ၂.၅% |
| (ဃ) | နိုင်ငံတော်နှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်သည့် စီးပွားရေးလုပ်ငန်းများ၊ အစုစပ်လုပ်ငန်း၊ ဖက်စပ် လုပ်ကိုင်သည့် လုပ်ငန်း၊ ကုမ္ပဏီ၊ တစ်ဦးချင်းပုဂ္ဂိုလ်တို့ စုပေါင်းထားသည့် အဖွဲ့အစည်း၊ တည်ဆဲဥပဒေ တစ်ရပ်ရပ်အရ မှတ်ပုံတင်၍ ဖွဲ့စည်းထားသည့် အဖွဲ့အစည်း သို့မဟုတ် အသင်းအဖွဲ့၊ သမဝါယမအသင်းနှင့် နိုင်ငံခြားကုမ္ပဏီများ၊ နိုင်ငံခြားသားပိုင် လုပ်ငန်းများက ကန်ထရိုက် စာချုပ် သို့မဟုတ် သဘောတူစာချုပ် သို့မဟုတ် အခြားစနစ်တစ်ခုခုဖြင့် နိုင်ငံတော် အတွင်း ပစ္စည်းဝယ်ယူခြင်း၊ လုပ်ငန်းဆောင်ရွက်ပေးစေခြင်း၊ ဝန်ဆောင်မှုဆောင်ရွက်ပေးစေခြင်း တို့အတွက် ပေးချေငွေများ | – | ၂.၅% |

- ❖ **အမှတ်စဉ်(က)ပါ အတိုးပေးငွေအတွက်** ပြည်ပနေနိုင်ငံခြားသား၏ ရုံးခွဲသည် နိုင်ငံအတွင်း၌ မှတ်ပုံတင်ဖွဲ့စည်းထားခြင်း၊ အခွန်စည်းကြပ်မှု ခံယူလျက်ရှိခြင်းဖြစ်ပါက နုတ်ယူပေးသွင်းရန် မလိုအပ်ပါ။
- ❖ **အမှတ်စဉ်(ဂ)ပါ ပေးချေငွေများအတွက် အောက်ပါအချက် တစ်ရပ်ရပ်နှင့် ကိုက်ညီပါက နုတ်ယူပေးသွင်းရန် မလိုအပ်ပါ–**
  - ➢ အစိုးရဌာန အဖွဲ့အစည်းအချင်းချင်းဖြစ်လျှင်၊
  - ➢ နှစ်တစ်နှစ်အတွင်းစုစုပေါင်းပေးချေငွေကျပ်(၁ဂ)သိန်းအထိဖြစ်လျှင်။

## ပင်ရင်းမှနုတ်ယူပေးသွင်းရန် တာဝန်ရှိသူများ

- ❖ တစ်ဦးတစ်ယောက်ပိုင်လုပ်ငန်းဖြစ်လျှင် – ပိုင်ရှင်ကိုယ်တိုင်၊
- ❖ ပုဂ္ဂိုလ်စုဖြစ်လျှင် – ထိုပုဂ္ဂိုလ်စု၊
- ❖ အစိုးရဌာနအဖွဲ့အစည်းဖြစ်လျှင် – ငွေထုတ်ပေးရန်တာဝန်ရှိသည့်စီမံခန့်ခွဲရေး ဝန်ထမ်း။

## အခွန်ပေးသွင်းရမည့်အချိန်




- ❖ နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းနှင့် ကုမ္ပဏီအပါအဝင် အခြားအဖွဲ့အစည်း ဖြစ်ပါက နုတ်ယူထားသည့်နေ့မှ ၁၅ရက်အတွင်း၊ သက်ဆိုင်ရာ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး (သို့) အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး(သို့) အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး၏ ဘဏ်စာရင်းသို့ ပေးသွင်းရမည် ဖြစ်ပြီး မိမိအမည်ဖြင့် ပေးသွင်းခြင်းမပြုဘဲ နုတ်ယူခြင်းခံရသူ၏ အမည်/ လုပ်ငန်းအမည်ဖြင့် ပေးသွင်းရမည်ကို အထူးဂရုပြုစေလိုပါသည်။
- ❖ နုတ်ယူသည့်အခွန်ကို သတ်မှတ်နေ့ရက်အတွင်း ပေးသွင်းရန် အခက်အခဲ ရှိခြင်းကြောင့် အခွန်ပေးဆောင်ရမည့်အချိန်ကို တိုးမြှင့်ပေးစေလိုပါက သက်ဆိုင်ရာ အခွန်ရုံးတွင် လျှောက်ထားနိုင်ပါသည်။